# တံခွန်တိုင်ကျေးရွာ

# တွံတေးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တံခွန်တိုင်ကျေးရွာ၊ တွံတေးမြို့

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
| --- | --- | --- |
| | **စကားချီး** | ၃ |
| | **တံခွန်တိုင်ကျေးရွာ သယံဇာတပြမြေပုံ၊ တွံတေးမြို့နယ်** | ၅ |
| | **အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| | **အပိုင်း (ခ)  စီမံချက်ဆိုင်ရာ အချက်အလက်** | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၅ |
| | စီမံချက် အဆိုပြုလွှာ (၂) | ၁၇ |
| | စီမံချက် အဆိုပြုလွှာ (၃) | ၁၉ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၂၁ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၂ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၈ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဖေဖော်ဝါရီလ၊ ၂၀၁၉**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**တံခွန်တိုင်ကျေးရွာ**

**တွံတေးမြို့နယ်**

## တံခွန်တိုင်ကျေးရွာ သယံဇာတပြမြေပုံ၊ တွံတေးမြို့နယ်



# အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

တံခွန်တိုင်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၏ ပြဿတိုက်ကျေးရွာ အုပ်စုတွင်ပါဝင်ပြီး တွံတေး-ရေကျော်ကားလမ်းဘေးရှိ အလယ်စု-တံခွန်တိုင်လမ်းပေါ်တွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် စာဖြူစုကျေးရွာ၊ အနောက်ဘက် တွင် ငါးမွေးမြူရေးကန်များ၊ မြောက်ဘက်တွင် အလယ်စုကျေးရွာနှင့် တောင်ဘက်တွင် အိုင်မကြီးကျေးရွာစသည်တို့ဖြင့် ဆက်စပ်လျှက်တည်ရှိနေပါသည်။ကျေးရွာတွင် ကရင်/ဗမာတိုင်းရင်းသားများ နေထိုင် ကြပါသည်။ ကျေးရွာသည် တွံတေး-ရေကျော်ကားလမ်းဘေးရှိ အလယ်စု-တံခွန်တိုင်လမ်းပေါ်တွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း ဖြစ်ပြီး၊ ပို့ဆောင်ရေး၊ နေ့စား၊ကျပန်းလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ လယ်ယာမြေများသည် စပါးစိုက်ပျိုး ထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်ရန် အတွက် တစ်ဖက်တစ်လမ်းမှ အားထားရာဖြစ်သည်။ ကျေးရွာသည် ဆရာတောဘုရား၏ဦးဆောင်မှုနှင့်အတူ ဗုဒ္ဓဘာသာ စေတီများနှင့်ပျူတြိဗုဒ္ဓပေါ်တော်မူဘုရား များရှိသောကြောင့် အေးချမ်းပြီး နောင်နှစ်များယခုထက်ပိုမိုဖွံ့ဖြိုးလာနိုင်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လယ်ယာမြေ၊ ခြံမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် စိုက်ပျိုးရေ ရနိုင်သည့် အဓိက ပင်ရင်းရှိသည့်အတွက် တောင်သူ များမှာ မိုးရာသီတွင် မိုးရေနှင့်ချောင်းရေ ဖြင့် စိုက်ပျိုးနိုင်ပြီး၊ စိုက်ပျိုးနိုင်သည့် ဧက (၁၁၁)ရှိပြီး ဧက(၆၁)နီးပါး စပါးကိုသာအဓိက စိုက်ပျိုးကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့ (ကျား - ၁၀ဦး)၊ အမျိုးသမီးရေးရာအဖွဲ့ (မ-၁၆ဦး)၊ ဓမ္မစကူးလ်အဖွဲ့ (ကျား-၁၃/မ-၂၀=၂၃ဦး)၊ ဘဝသစ်နာရေးကူညီမှုအဖွဲ့ (ကျား-၄၂ဦး)၊ လူငယ်ပရဟိတအဖွဲ့ (ကျား-၂၂/မ -၂၅=၄၇ဦး)၊ ဓမ္မစကြာဝတ်အသင်း(မ-၂၈ဦး)တို့မှကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး နာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြ ပါသည်။ ကျေးရွာတွင် ကျန်းမာ

ရေးအဖွဲ့ သီးသန့်မရှိသော်လည်း ကျေးရွာရှိ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများအား ပူးပေါင်းပါဝင် ဆောင်ရွက်လျှက် ရှိပါသည်။ ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမ များနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း တံခွန်တိုင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများအနေဖြင့် ကျေးလက်ဦးစီးဌာနနှင့်BNKငွေချေးအဖွဲ့(၂)ဖွဲ့သာ ရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

တံခွန်တိုင်ကျေးရွာတွင် ၂.၅ ကေအောက် ဆင်းရဲသားတောင်သူ (၁၉) အိမ်ထောင်စု နှင့် ၂.၅ ကေမှ ၅ ကေကြား တောင်သူငယ် (၁၁)အိမ်ထောင်စု၊ ၅ ကေမှ ၁၂.၅ ကေ ကြား တောင်သူလတ် (၆) အိမ်ထောင်စု၊ ၁၂.၅ ကေ အထက် တောင်သူကြီး (၆) အိမ် ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု၏ ၄ပုံ၃ပုံရှိပြီး အများစုသည် နေ့စားကျပန်းလုပ်ငန်းများနှင့်ကန်များအားအငှားစနစ်တွင် သွားရောက် လုပ်ကိုင်နေကြ ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ ချောင်းရေနှင့်မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးလုပ် ကိုင်ကြပြီး နွေရာသီတွင် ဆည်မြောင်းများတိမ်ကောနေ သည့်အတွက် စိုက်ပျိုးရန်ရေ မလုံလောက်ပါ။ စပါးအထွက် နှုန်းမှာ တစ်ကေ ပျမ်းမျှ (၈၀)တင်း ရှိပါသည်။ ကွမ်းအထွက်နှုန်းမှာ ပျမ်းမျှ(၁၅၀)ပိဿာ၊ ပဲ၊ ကြက်ဟင်းခါးနှင့်ခရမ်းသီး အထွက်နှုန်းမှာလည်း အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာအတွင်းရှိ လယ်သမား များတွင် တစ်ဦးချင်းပိုင် လယ်ထွန်စက်အငှားလုပ်ကိုင်သူ(၉)ဦး၊ လက်တွန်းထွန်စက် (၁) စီးနှင့် အငှားလုပ်ကိုင်သူ(၁)ဦး၊ ခြွေလှေ့စက်(၁)စီးနှင့် အငှားလုပ်ကိုင်သူ(၈)ဦး၊ ရေစုပ်စက် (၄)ခုရှိပါသည်။ အဖွဲ့ပိုင် ထွန်စက်၊ ခြွေလှေ့စက် မရှိပါ။ စက်များကို ငှားရမ်းလုပ်ကိုင်နေကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအား စုများ၊ သီးနှံမျိုးစေ့များ ကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများ မှတ ဆင့် ရောင်း ချနိုင်ကြပါသည်။ ကုန်ဈေးနှုန်းနှင့်စက်ဥ္ဓားရမ်းခများသောကြောင့် အဆင်ပြေသောအိမ်ထောင်စုနည်းပါးပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့်ခရုများ အနည်းငယ် ကျရောက်ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်ထောင်စု (၆၇) အိမ်မှ ငါးကန်(၁၈၁)ဧက၊ နွား(၁၄)ကောင်၊ ဆိတ်(၅)ကောင်၊ ဝက် (၈၁) ကောင်စသည်ဖြင့် မွေးမြူရေး ကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ၊ ရာသီကူးပြောင်းချိန်တွင်ရောဂါများကူးစက်ခံရပြီးပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသော်လည်း စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည် ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အား လွယ်ကူစွာ ရရှိနိုင်သည့်အတွက် အခွင့်အလမ်းကောင်းများစွာရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိ အိမ်ထောင်စုများသည် ပို့ဆောင်ရေး၊ ကျပန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ ဈေးအရောင်းအဝယ် လုပ်ငန်းစသည့်ဖြင့် အခြား ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြ ပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးမှု လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေး ဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှု များ မရှိခြင်း၊ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်း စသည်တို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းပေါ်များရာများသို့ သွားရောက် လုပ်ကိုင်သူဦးရေအသင့်အတင့်များပြားသဖြင့် လုပ်သား အင်အား အသင့်အတင့်သာ ရှိပါသည်။ ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်း ပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊မွေးမြူရေး မဟုတ် သော အသက်မွေးမှု လုပ်ကိုင်နေကြသော မိသားစုဝင်များသည် BNKငွေချေးအဖွဲ့မှ ချေးငွေများ ရရှိသော်လည်း အရင်းအနှီးနည်းသဖြင့် စီးပွားဖြစ် လုပ်ကိုင်ကြရန်အခွင့်အလမ်းများ နည်းနေကြပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည် ချေးငွေများ ရရှိရန် လိုလားကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လှေ(၂၁)စီး၊ စက်လှေ(၁၅)စီး၊ စက်ဘီး (၃၄) စီး၊ မော်တော်ဆိုင်ကယ် (၆၀) စီး၊ ကား (၃)စီး၊ စသည်ဖြင့် ကုန်းလမ်းနှင့်ရေလမ်းစသည်ဖြင့် သယ်ယူ ပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် မြေနီလမ်းများရှိ ပါသည်။ ကျေးရွာချင်းဆက်လမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီး သွားလာရ အဆင်ပြေမှု ရှိပါသည်။ ကျေးရွာတွင်းလမ်းများမှာလည်း မြေသားလမ်းများဖြစ်သော်လည်း အဆင်ပြေပါသည်။

တံခွန်တိုင်ကျေးရွာတွင် ကွန်ကရစ်တံတား(၁)စင်းရှိပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီး (တွံတေး-ရေကျော်) ပေါ်ရှိ တံတားများမှာ ကားကြီး များ၊ တန်ပိုယာဉ်များ ဖြတ်သန်းနေကြပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိခြင်း မရှိသေးပါ။ ဆိုလာစနစ်၊ ဒီဇယ်အင်ဂျင်နှင့် အခြားနည်းစနစ်များ ဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်းရှိပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

တံခွန်တိုင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်များ ကို ဖုန်း (၂၆၀) လုံး၊ ရေဒီယို (၄၅) လုံး၊ တီဗွီ (၈၂) လုံး နှင့် စလောင်း(၄)လုံးတို့မှ ရရှိသဖြင့် ကျေးရွာတွင်း ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲ များ အထူးတလည် မရှိပေ။

## ၆။ ပညာရေး

ကျေးရွာပိုင် အခြေခံပညာမူလတန်းကျောင်းတွင် ကလေးများ ပညာသင်ကြား နိုင်ပြီး အထက်တန်းအဆင့်များကို ရွာနီးစပ်ဖြစ်သော အလယ်စုကျေးရွာတွင် ဆက်လက်ပညာ သင်ယူ နိုင်ကြပါသည်။ မူလတန်းကျောင်းတွင် ကျောင်းဆောင်(၃)ခု ရှိသောကြောင့် လုံလောက်မှုရှိပါသည်။ သို့သော် ကျောင်းသုံးသင်ထောက်ကူပစ္စည်းများ လုံလောက်မှု မရှိပါ။

ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့် ဆရာ (၁) ဦးနှင့် ဆရာမ (၅) ဦး ရှိသည့်အတွက် သင်ကြားရေးအပိုင်းတွင် အခက်အခဲမရှိပါ။ ကျေးရွာတွင် စာမတတ်သည့် လူဦးရေ (၀.၀၀၁%)၊ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၅၅.၀၃%) အထိ များပြားခြင်း ၊ အလယ်တန်း အဆင့် စာတတ်မြောက် သူများမှာ(၂၇.၇၉%) ၊ အထက်တန်း အဆင့် စာတတ်မြောက်သူများမှာ (၁၃.၂၇%) နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၃.၇၇%) ရှိခြင်းတို့ကြောင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအား အရင်းအမြစ်ကောင်း များ ဖြစ်ကြ ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် လိုအပ်သည့် ကာကွယ်ဆေးများအား ကျန်းမာရေးဦးစီးဌာနက နှစ်စဉ် နှစ်တိုင်း ကျေးရွာအထိ လာရောက်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့်(၁)မိုင်ခန့်ကွာဝေးပြီး အရေးပေါ် အခြေ အနေတွင် အလွယ်တကူ သွားလာနိုင်သလို၊ တွံတေးမြို့နယ်ဆေးရုံကြီး များသို့လည်း အလွယ်တကူ ပို့ဆောင် ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက် အခဲများ မရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို ရေတွင်း၊ ချောင်းရေ၊ အဝီစိတွင်းရေနှင့်တုံကင်ရေ များဖြင့် အဓိကထား အသုံးပြုကြပါသည်။ ကျေးရွာတွင် နွေ၊ မိုးနှင့် ဆောင်းရာသီတွင် ရေ လုံလောက်မှုရှိပါသည်။ ကျေးရွာ တွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အိမ်ထောင်စု များမှ အသုံးပြုကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

တံခွန်တိုင်ကျေးရွာတွင် ပို့ဆောင်ရေးနှင့်ကျပန်း လုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စု အများစုရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာ ဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံ

သည့် အခြေ အနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများ ထက် ပို၍ ထိခိုက် ခံစားရလွယ်ကူနိုင်ပါသည်။

တံခွန်တိုင်ကျေးရွာတွင် သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝ တိရစ္ဆာန် မျိုးစိတ် များအနည်းငယ်ရှိပါသည်။မိုးရာသီတွင်ဝမ်းပျက်ဝမ်းလျှောနှင့်သွေးလွန်တုပ်ကွေး ရောဂါများဖြစ် ပွားမှု အနည်းငယ် ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ် သော ရောဂါ များဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

တံခွန်တိုင်ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု ရှိသလို ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသလို အကြမ်း ဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ သိရှိကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ပြဿတိုက် | | | ကျေးရွာအမည် - တံခွန်တိုင် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းများကွန်ကရိခင်းခြင်း | |
| ၂ | စိုက်ပျိုးရေး | ရေ | ချောင်းကောအားပြန်လည်တူးဖော်ခြင်း | |
| ၃ | အခြေခံအဆောက်အဦ | အခြားအခြေခံအဆောက်အဦ | အများသုံးခန်းမတည်ဆောက်ခြင်း | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာချင်းဆက်လမ်းမကြီးအား လမ်းပုခုံးကပ်ခြင်း | |
| ၅ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | ကျေးရွာလျှပ်စစ်မီးရရှိစေရန် | |
| ၆ | အခြေခံအဆောက်အဦ | အခြားအခြေခံအဆောက်အဦ | ကျေးရွာဆိပ်ကမ်းတည်ဆောက်ခြင်း | |
| ၇ | | | | |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

| | |
|---|---|
| ကျေးရွာ - တံခွန်တိုင်ကျေးရွာ<br>ကျေးရွာအုပ်စု - ပြဿတိုက်ကျေးရွာအုပ်စု<br>မြို့နယ် - တွံတေးမြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် - ရန်ကုန်တိုင်းဒေသကြီး | |
| **စီမံချက်အမည်** - ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းရန်။ | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• မိုးတွင်းကာလတွင် မြေသားလမ်းဖြစ်နေသည့်အတွက် စက်ဘီး၊ ဆိုင်ကယ်များ မကြာခဏ မှောက်နေပါသည်။ ပွင့်လင်းရာသီမှသာ သွားလာရ အဆင်ပြေပါသည်။<br>• ကျေးရွာ ၏လမ်း မကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ် ပေါ်နေပါ သည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။<br>• ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။<br>• ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။<br>• ကျောင်းသား၊ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။<br>• လမ်းကောင်းမွန်လာသောကြောင့် မီးသတ်ကားများ အလွယ်တကူဝင်ထွက်လာနိုင်ပြီး မီးဘေးအန္တရာယ် လျော့ချနိုင်ပါမည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>• တံခွန်တိုင်ကျေးရွာ၊ ရွာတွင်းလမ်းသည် (အရှည်-၆၄၀ပေ၊ အကျယ်-၁၀ပေ၊ ထု-၆လက်မ) ရှိပါသည်။ | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • __________ (ငွေသား) | • ကျေးရွာ |
| • __________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၉၉ | ၃၈၃ | ၇၈၂ | ၉ | ၇၇ | ၆၉ | ၁၆ | ၁၇၁ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၉၉ | ၃၈၃ | ၇၈၂ | ၉ | ၇၇ | ၆၉ | ၁၆ | ၁၇၁ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း –** ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန် –** ၂၀၁၉ ခုနှစ်၊ မတ်လ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကွန်ကရစ်လမ်းခင်းရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။<br>• ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ**<br>• လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• ကွန်ကရစ်လမ်းနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များ ထားရှိပါမည်။<br>• စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)**

| | |
|---|---|
| ကျေးရွာ - တံခွန်တိုင်ကျေးရွာ<br>ကျေးရွာအုပ်စု - ပြဿတိုက်ကျေးရွာအုပ်စု<br>မြို့နယ် - တွံတေးမြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် - ရန်ကုန်တိုင်းဒေသကြီး | |
| **စီမံချက်အမည်** – ချောင်းကောအားပြန်လည်တူးဖော်ခြင်း။ | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>• နွံနှံးမြေများတင်၍ ရေစီးဆင်းမှုနည်းကာ စက်လှေများအလွယ်တကူမသွားနိုင်ခြင်း။<br>• ရေလမ်းအသုံးမပြုနိုင်ခြင်း၊ စိုက်ပျိုးရေမလုံလောက်ခြင်း။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>• ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။<br>• စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများပိုမိုကောင်းမွန်လာစေရန်။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**<br>• စက်လှေများအလွယ်တကူသွားလာနိုင်ခြင်း။<br>• စိုးက်ပျိုးရေး၊ မွေးမြူရေး ရေလုံလောက်လာခြင်း။<br>• အလုပ်အကိုင်အခွင့်အလမ်းများပြားလာပြီး အလုပ်လက်မဲ့ဦးရေ လျော့ချလာနိုင်ပါမည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**<br>• ချောင်းကောအားပြန်လည်တူးဖော်ရန်။ | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀,၀၀၀,၀၀၀(ငွေသား)<br>• __________ (ငွေသား)<br>• __________ (ပစ္စည်း/လုပ်အား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၉၉ | ၃၈၃ | ၇၈၂ | ၉ | ၇၇ | ၆၉ | ၁၆ | ၁၇၁ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၉၉ | ၃၈၃ | ၇၈၂ | ၉ | ၇၇ | ၆၉ | ၁၆ | ၁၇၁ |

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ မတ်လ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပြီး ရေးဆွဲပါမည်။<br>• ဆည်မြောင်းများတူးဖော်ရာတွင် လိုအပ်သည်များ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။<br>• ကျေးရွာဖက်မှ ငွေကြေးအသင့်အတင့် ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ**<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• ဆည်မြောင်းများ ရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းကူညီပါမည်။<br>• စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)**

ကျေးရွာ - တံခွန်တိုင်ကျေးရွာ

ကျေးရွာအုပ်စု - ပြဿတိုက်ကျေးရွာအုပ်စု

မြို့နယ် - တွံတေးမြို့နယ်

တိုင်းဒေသကြီး / ပြည်နယ် - ရန်ကုန်တိုင်းဒေသကြီး

**စီမံချက်အမည်** - ဘက်စုံသုံးခန်းမတည်ဆောက်ရန်။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ဘာသာရေးအဆောက်အဦများမှ လွဲ၍ အခြားလုပ်ငန်းများအတွက် နေရာမရှိခြင်း။
- ကျေးရွာ၏ လူအများနှင့်ဆောင်ရွက်ရသည့်ကဏ္ဍများတွင် အခက်အခဲဖြစ် ပေါ်နေပါ သည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။
- ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။
- ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ခန်းမရှိလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။
- အစည်းအဝေးများ ဆောင်ရွက်လာနိုင်ခြင်း။
- ကျေးရွာသားများ ရင်းနှီးလာစေခြင်း။ ရပ်ရေးရွာရေးကိစ္စများ ပိုမိုစိတ်ပါဝင်စားလာစေခြင်း။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • __________ (ငွေသား) | • ကျေးရွာ |
| • __________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၃၉၉ | ၃၈၃ | ၇၈၂ | ၉ | ၇၇ | ၆၉ | ၁၆ | ၁၇၁ |

| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၉၉ | ၃၈၃ | ၇၈၂ | ၉ | ၇၇ | ၆၉ | ၁၆ | ၁၇၁ |
|---|---|---|---|---|---|---|---|---|
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် –၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** – ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** – ၂၀၁၉ ခုနှစ်၊ မတ်လ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ခန်းမတည်ဆောက်ရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။<br>• ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ**<br>• လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• အဆောက်အဦနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြား ချက်များ ထားရှိပါမည်။<br>• စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |

နောက်ဆက်တွဲ (၁)

## ပြည်သတိုက်ကျေးရွာအုပ်စု ၊ တံခွန်တိုင်ကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးချစ်ဦး | ဦးချစ်လှိုင် | ၁၂/တတန(နိုင်)၁၅၆၄၃၈ | ၄၅ | ဥက္ကဋ္ဌ | ၀၉-၉၅၃၆၆၇၉၆၀ |
| ၂။ | ဦးဘုန်းမြင့်ထွန်း | ဦးသောင်းရီ | ၁၂/တတန(နိုင်)၁၅၀၂၆၁ | ၄၁ | အတွင်းရေးမှူး | ၀၉-၆၉၃၈၀၄၅၆၄ |
| ၃။ | ဒေါ်အေး | ဦးရွှေကြီး | ၁၂/တတန(နိုင်)၁၇၃၃၇၆ | ၃၆ | ဘဏ္ဍာရေးမှူး | ၀၉-၇၉၆၂၅၁၉၃၁ |
| ၄။ | ဒေါ်သန်းသန်းမိုး | ဦးခင်ဝင်း | ၁၂/တတန(နိုင်)၂၃၇၃၆၄ | ၂၄ | စာရင်းကိုင် | ၀၉-၇၉၉၂၈၅၆၁၀ |
| ၅။ | ဦးအောင်စိုးမင်း | ဦးညာဏ်မြင့် | ၁၂/တတန(နိုင်)၁၅၆၃၁၀ | ၃၃ | စာရင်းစစ်(၁) | ၀၉-၇၉၆၂၄၇၄၉၅ |
| ၆။ | ဒေါ်နှင်းသဇင်ခိုင် | ဦးခင်ဇော် | ၁၂/တတန(နိုင်)၂၂၇၄၄၂ | ၂၀ | စာရင်းစစ်(၂) | ၀၉-၄၂၇၅၆၂၂၀၈ |
| ၇။ | ဦးလှထွဋ် | ဦးစိန်လှ | ၁၂/တတန(နိုင်)၁၅၆၂၅၇ | ၃၀ | အဖွဲ့ဝင်(၁) | ၀၉-၄၅၅၂၉၆၅၇၃ |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၁ | ၃ | ၁၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၀ | ၂၆ | ၅၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၉ | ၂၂ | ၅၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၅ | ၃၄ | ၆၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၇၅ | ၂၇၆ | ၅၅၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၉ | ၂၂ | ၄၁ |
| **စုစုပေါင်း** | | **၃၉၉** | **၃၈၃** | **၇၈၂** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၇၁** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ တံခွန်တိုင်ကျေးရွာတွင် အိမ်ထောင်စု (၁၇၁) စု၊ လူဦးရေ (၇၈၂) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက် နို့စို့အရွယ် (၁.၇၉%)၊ ၅နှစ် အောက် ကလေးအရွယ် (၇.၁၆%)၊ မူလတန်းကျောင်းသားအရွယ် (၆.၅၂%)၊ အလယ်တန်း ကျောင်းသား အရွယ် (၈.၈၂%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၀.၄၆%)၊ သက်ကြီးရွယ်ကြီး အရွယ် (၅.၂၄%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၉.၅၄%) နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၂၇၅) ဦး၊ မ (၂၇၆) ဦး စုစုပေါင်း (၅၅၁) ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၀.၄၆%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ် လုပ်နိုင် သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက် ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေ ရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၈ | ၉၃ | ၃ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၈ | - | မြင့်☐လတ်☑နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃ | ၂၇ | ၂ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | မြင့်☐လတ်☑နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၅ | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၄ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၁ | ၂၉ | ၆ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | မြင့်☐လတ်☑နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၈ | မြင့်☐လတ်☐နိမ့်☑ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၉ | ၉ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐ နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | ၂ | မြင့်☐လတ်☐နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၄ | ၆ | မြင့်☐လတ်☐နိမ့်☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် | ၅၁ | ၉၁ | ၂၄ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၉ | ၃၉ | မြင့်☐လတ်☐နိမ့်☑ |
| | **စုစုပေါင်း** | **၁၇၁** | **၂၈၅** | **၁၁၁** | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ တံခွန်တိုင်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စုများပြားပြီး တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖွင့်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ လက်သမား၊ ပန်းရံ လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သူများလည်းရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၅၅၀၀ | - | ၅၀၀၀ | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၆၀၀၀ | ၃၀၀၀ | ၆၀၀၀ | ၂၅၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | - | ၇၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | ၃၀၀၀ | - | ၂၅၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၁၅၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ တံခွန်တိုင်ကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနား ရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အား စိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြည်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်း များကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိရပါ။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၄၉.၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၁.၅ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၅၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၁၁** | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ တံခွန်တိုင်ကျေးရွာတွင် လယ်မြေ (၄၉.၅) ဧကနှင့် တောင်ယာမြေ (၁၁.၅)ဧက၊ ဥယျာဉ်ခြံမြေ(၅၀)ဧက ရှိပြီး မြေဆီလွှာ အရည်အသွေး ကောင်းမွန်ပါသည်။ လယ်မြေများတွင် စပါးကို အဓိကထားစိုက်ပျိုးကြပါသည်။

## (င-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
